ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၈)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၉.၅၃) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးစခုန်တိန့်ယိန်း၊ ကချင်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ကော်မတီအစည်းအဝေး။ ဦးဌေးမောင်၊ မန္တလေး(၁၂)၊ ပညာရေးမြှင့်တင်မှုကော်မတီ အစည်းအဝေး။ ဦးအေး၊ မန္တလေး(၇)၊ ပညာရေးမြှင့်တင်မှုကော်မတီအစည်းအဝေး။ ဦးနု၊ ရန်ကုန်(၁၀)၊ ၎င်းအတိုင်း။ ဒုတိယဗိုလ်မှူးကြီးစိုးလင်း၊ တပ်မတော်၊ ဘတ်ဂျက်ပူးပေါင်းကော်မတီ။ ဒေါက်တာ မြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ပူးပေါင်းအစည်းအဝေး။ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှအေး၊ တနင်္သာရီ(၁၁)၊ ကျန်းမာရေး။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ဘတ်ဂျက်စိစစ်ရေးပူးပေါင်းအစည်းအဝေး။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ၎င်းအတိုင်း။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဦးဘိုးရယ်၊ ကယား(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကျန်းမာရေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကျန်းမာရေး။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကျန်းမာရေး။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ပူးပေါင်းကော်မတီအစည်းအဝေး။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်(တာဝန်)။ ဗိုလ်မှူးကျော်နမော်၊

တပ်မတော်(တာဝန်)။ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျွဲနိုခန်း၊ ချင်း(၁)၊ ဘတ်ဂျက်စိစစ်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကျန်းမာရေး။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ ကော်မတီလုပ်ငန်းဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။　　။လွှတ်တော်ကအတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကူဝိတ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ကချင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သည့် စွန့်ပစ်မြေစာပုံပြိုကျမှုကြောင့် ထိခိုက်သေဆုံးမှုများအတွက် ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့လာခြင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် မှတ်တမ်းတင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကူဝိတ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Mr.Marzouq Ali Al-Ghanim က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ကချင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် စွန့်ပစ်မြေစာပုံပြိုကျမှုကြောင့် ထိခိုက်သေဆုံးမှုများအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာ ပေးပို့လာပါတယ်။ သဝဏ်လွှာ ပါ အကြောင်းအရာဘာသာပြန်အကျဉ်းချုပ်မှာ-

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား-

ကချင်ပြည်နယ်တွင် မြေပြိုမှုသတင်းကို မိမိတို့အနေဖြင့် ကြားသိရသည့်အခါ ဝမ်းနည်းကြေကွဲစွာ ခံစားခဲ့ရပါသည်။ ကူဝိတ်လွှတ်တော်အမတ်များ ကိုယ်စားလည်းကောင်း၊ မိမိကိုယ်တိုင် ခံစားချက်အရလည်းကောင်း အဆွေတော်ဥက္ကဋ္ဌကြီး၏ ဂုဏ်သရေသိက္ခာရှိ လွှတ်တော်နှင့် ခင်မင်ရင်းနှီးရသော မြန်မာပြည်သူတို့ကို ကျွန်ုပ်တို့၏ ဝမ်းနည်းကြောင်းခံစားချက် အသိပေးဖော်ပြလိုပါသည်။ ကျွန်ုပ်တို့၏ ဝမ်းနည်းကြောင်း သဝဏ်လွှာကို လက်ခံပါမည်ဟု မျှော်လင့်ပါသည်။

အစဉ်လေးစားလျက်

Marzouq Ali Al-Ghanim

Speaker of the National Assembly of Kuwait

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကူဝိတ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Mr.Marzouq Ali Al-Ghanim က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ကချင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် စွန့်ပစ်မြေစာပုံပြိုကျမှုကြောင့် ထိခိုက်သေဆုံးမှုများအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာ

ပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီကဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးတင်ယု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီဝင်ဦးတင်ယု ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ကိုယ်စား အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း အပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာအား အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါ တယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁ / ၂၀၁၅ -၆၅၆
ရက်စွဲ၊ ၂၀၁၅ ခုနှစ် ၊ ဒီဇင်ဘာလ ၂၁ ရက်

၁။ ပြည်သူ့လွှတ်တော်က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို (၁၆-၁၂-၂၀၁၅) ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် (၂၁-၁၂-၂၀၁၅) ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာ စိစစ်ရာ၌ မူလဥပဒေတွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များ ပါဝင်ခြင်းမရှိသည့် အတွက်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ကန့်ကွက်လိုသည့်အခါ ကန့်ကွက်သူများ အနေဖြင့် မည်သည့်ကိစ္စအတွက် မည်သည့်အကြောင်းကြောင့် ကန့်ကွက်ရမည်ကို ရှင်းလင်းမှုမရှိ၍ လည်းကောင်း ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင် ဖြည့်စွက်ချက်များသည် ပိုမိုပြည့်စုံမှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက် အတည်ပြုသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁-၁-၂၀၁၆ ရက် (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးစိုးမြင့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီရဲ့ ကိုယ်စား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျာ။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**

**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၅ - ၆၅၇

ရက်စွဲ၊ ၂၀၁၅ ခုနှစ် ၊ ဒီဇင်ဘာလ ၂၁ ရက်

၁။ ပြည်သူ့လွှတ်တော်က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို (၁၆-၁၂-၂၀၁၅) ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင်ဆွေးနွေးနိုင်ရန်ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် (၂၁-၁၂-၂၀၁၅) ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါ သည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ၌ မူလဥပဒေတွင် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာကိစ္စရပ်များ ပါဝင်ခြင်းမရှိသည့်အတွက် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ကန့်ကွက်လိုသည့်အခါ ကန့်ကွက် သူများအနေဖြင့် မည်သည့်ကိစ္စအတွက် မည်သည့်အကြောင်းကြောင့် ကန့်ကွက်ရမည်ကို ရှင်းလင်းမှု မရှိ၍ လည်းကောင်း ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက်များသည် ပိုမိုပြည့်စုံမှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက် အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေး ထိုးပြီး ၁-၁-၂၀၁၆ ရက်(သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူး ချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီ က ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးမိုးမြင့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးမိုးမြင့် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၅ -၆၅၈
ရက်စွဲ၊ ၂၀၁၅ ခုနှစ် ၊ ဒီဇင်ဘာလ ၂၁ ရက်

၁။ ပြည်သူ့လွှတ်တော်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို (၁၆-၁၂-၂၀၁၅) ရက်နေ့တွင် ပြင်ဆင်ချက် များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် နိုင်ငံရေး၊ စီးပွားရေး နှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် (၂၁-၁၂-၂၀၁၅) ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ၌ မူလဥပဒေတွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရေး ဆိုင်ရာကိစ္စရပ်များ ပါဝင်ခြင်းမရှိ သည့်အတွက်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ကန့်ကွက်လိုသည့်အခါ ကန့်ကွက်သူများအနေဖြင့် မည်သည့်ကိစ္စအတွက် မည်သည့်အကြောင်းကြောင့် ကန့်ကွက်ရမည်ကို ရှင်းလင်းမှုမရှိ၍လည်းကောင်း ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက်များသည် ပိုမိုပြည့်စုံမှုရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

### ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းအမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့်

အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁-၁-၂၀၁၆ ရက် (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အထိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ တင်ပြချက်အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေး အထိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေတင်ပြချက်အစီရင်ခံစာကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)**။ ။ အားလုံး မင်္ဂလာပါ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် က ကော်မတီ၏ အစီရင်ခံစာကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကတိဖြစ်ခဲ့တဲ့ လုပ်ငန်းများအပေါ် အစိုးရက အကောင်အထည်ဖော်ချက်ဟာ လွှတ်တော် ပဉ္စမမြောက် နောက်ပိုင်းအထိ ပုံမှန်အစည်းအဝေးကာလအထိ အားနည်းချက်ရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒေသခံပြည်သူများက အစိုးရနဲ့ လွှတ်တော်ကိုယ်စားလှယ်များအပေါ် သက်ဝင်ယုံကြည်အားကိုးလာမှု နည်းပါးကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ကတိဖြစ်မေးခွန်းပါလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အကောင်အထည်ဖော်ခြင်းသည် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်သိမှု၊ တာဝန်ယူမှုရှိသည်ဟုယူဆပါသည်။ ကတိဖြစ်ရာလုပ်ငန်းများ Perfect နဲ့ Complete ဖြစ်အောင် လွှတ်တော်ကိုယ်စားလှယ်များ မတတ်နိုင်တာ အမှန်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များအားလုံး သိပါတယ်။

သို့သော် နောက်ပိုင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတထံ သဝဏ်လွှာ ပေးပို့ခဲ့ခြင်း၊ ဆီးသီးဗန်းမှောက်ကဲ့သို့ ဟူသော စေတနာဖြင့် အားပေးစကား မိန့်မှာခြင်းများကြောင့် ကတိဖြစ်မေးခွန်းများ ယခင်ကထက် လုပ်ငန်းပြီးစီးတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ သို့သော် Perfect နဲ့ Complete ဖြစ်တဲ့လုပ်ငန်းများ အလွန်နည်းပါးပါတယ်။ အကြောင်းမှာ ဆီးသီးဗန်းထဲက ဆီးသီးအနှိုက်စားခံရခြင်းရှိကြောင်းကို ကျွန်တော်တို့လေ့လာတွေ့ရှိရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ကော်မတီ၏ သုံးသပ်အကြံပြုချက်(ဃ)မှာ ဖော်ပြပြီးသော်လည်း ပိုမိုပြည့်စုံအကြံပြုလိုသည်မှာ ကော်မတီ ကွင်းဆင်းလေ့လာတဲ့အခါမှာ ကန်ထရိုက်စာချုပ်နှင့်အတူ လွှတ်တော်ကိုယ်စားလှယ် ကန်ထရိုက်တာ သက်ဆိုင်ရာ အစိုးရပုဂ္ဂိုလ်၊ ဒေသခံပုဂ္ဂိုလ်များ ပါဝင်ပြီး လုပ်ငန်းခွင်၌ ground check ပြုလုပ်၍ လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာကို လက်မှတ်ရေးထိုးမယ်ဆိုပါက Complete နဲ့ Perfect ဖြစ်မယ်ဖြစ်ကြောင်း အကြံပြုလိုပါတယ်။

ဒီလိုကန်ထရိုက်စာချုပ်အတိုင်း စံချိန်စံညွှန်းမပြည့်မီဘဲ လုပ်ငန်းပြီးစီးသည်ဟု လုပ်ငန်းရှင်က ကန်ထရိုက်တာများက တင်ပြလေ့ရှိသည်မှာ ဒေသခံပြည်သူများ နိုင်ငံတော်အစိုးရနဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ထိခိုက်မှုရှိကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်များဆိုတာ ကျွန်တော့်အတွေ့အကြုံနဲ့ကျွန်တော် အနည်းငယ်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ တချို့ကန်ထရိုက်များရဲ့ တည်ဆောက်တဲ့လုပ်ငန်း၊ လမ်း၊ တံတားများဟာ ကျွန်တော်တို့ ဒီ သွားရောက်တဲ့အခါမှာ နယ်မြေကွင်းဆင်းသွားရောက်တဲ့ အခါမှာ စံချိန်စံညွှန်းနဲ့ မပြည့်စုံကြောင်း သူတို့တင်ပြ ဆွေးနွေးလာတဲ့အခါမှာ ပြန်ပြောပေးပါ ဒီကိစ္စကို အဆင့်မီအောင် ပြန်လုပ်ပေးဖို့ သက်ဆိုင်ရာကို တင်ပြပေးပါဆိုတော့ ကျွန်တော်တို့ လူထုကိုယ်စားလှယ်က ပြောတယ်။ ဒေသခံတွေက ပြောတဲ့အခါမှာ ကျွန်တော်တို့က တတ်နိုင်သလောက် ညှိနှိုင်းပြီးတော့။ မြို့နယ်ကနေ ကန်ထရိုက်တာကို ပြန်ပြောတဲ့အခါမှာ အကောင်အထည်မဖော်ဘူး။ မြို့နယ်ဦးစီးမှူး AD တွေ က စာရေးအမိန့်ထုတ်သော်လည်း ကန်ထရိုက်တာတွေက သွားပြီး တော့ စံချိန်စံညွှန်း ပြည့်မီအောင်ပြန်လည် ပြုပြင်မွမ်းမံခြင်း မရှိတာကို ကျွန်တော်တို့ ကိုယ်တိုင်တွေ့ရတဲ့အခါမှာ အဲဒီရွာ၊ ဒေသပြန်ရောက်တဲ့အခါမှာ ခင်ဗျားတို့ လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့ကိုယ်စားလှယ်တွေက ဒီကိစ္စကိုတောင်မှ မပြောနိုင်ရင် တခြားပြည်သူ၊ တိုင်းပြည် ကိစ္စကို ဘယ်လိုပြောနိုင်မလဲဆိုတဲ့ အဆိုမျိုး ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက အပြောခံရတယ်။ ဒါကြောင့် ဒီကိစ္စများကို ဒေသခံပြည်သူများသာမကဘဲ အစိုးရနဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ လုပ်ဆောင်ချက်များဟာ အများကြီးထိခိုက်ကြောင်းကို ကျွန်တော်တင်ပြဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့က ဒီနောက်ပိုင်းမှာတော့ ကျွန်တော်တို့ မရှိတော့ပေမယ့် လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာကို ကန်ထရိုက်တာတစ်ဦးတည်းက မရေးဘဲနဲ့ သက်ဆိုင်ရာ ဒေသခံပြည်သူများထံကို ကန်ထရိုက် စာချုပ် အရင်ရောက်ဖို့လိုပါတယ်။ ကန်ထရိုက် စာချုပ်အတိုင်း ကွင်းဆင်းစစ်ဆေးတဲ့ ကော်မတီများကလည်း စံချိန်စံညွှန်းနဲ့ ညီ/မညီကို သိမှသာလျှင် ကျွန်တော်တို့က လုပ်ငန်း စံချိန်စံညွှန်း ကိုက်ညီကြောင်းကို ကျွန်တော်တို့ဖော်ထုတ်နိုင်မှာ ဖြစ်ပါတယ်။ ဒီအတိုင်း စာချုပ်ကန်ထရိုက်မပါဘဲနဲ့ ကွင်းဆင်းလေ့လာတဲ့ အခါမှာလည်း ကျွန်တော်တို့ တိကျတဲ့အဖြေကိုပေးနိုင်မှာ မဟုတ်ကြောင်း ကျွန်တော် အကြံပြုဆွေးနွေးလိုပါတယ်။ ဒီကိစ္စကတော့ ကျွန်တော် မေးခွန်းနဲ့ပတ်သက်တဲ့ ကျွန်တော်ရဲ့ အတွေ့အကြုံ အကြံပြုချက်များဖြစ်ပါတယ်။

ဒုတိယ အဆိုကိစ္စနှင့်ပတ်သက်လို့ကျွန်တော် ဆွေးနွေးလိုတာက ကော်မတီ၏ အစီရင်ခံစာမှာဖော်ပြတဲ့အတိုင်း အခြေခံဥပဒေပုဒ်မ ၁၁၅ (က)အရ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့်မေးခွန်းများ၊ တင်သွင်းသည့်အဆိုများအား လွှတ်တော်အစည်းအဝေးတွင် အစီရင်ခံစာ တင်သွင်းရန်ပြဋ္ဌာန်းထားပါသော်လည်း အဆိုများနဲ့ပတ်သက်၍ အစီရင်ခံစာ တင်သွင်းခဲ့သည်များ မမှတ်မိပါ၊ ရှိခဲ့ရင်လည်း ခွင့်လွှတ်ပါရန် တင်ပြပါတယ်။ အဆိုနှင့်ပတ်သက်လို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၈) ဦးဟာရှိန်းဘွေ တင်သွင်းသည့် ချင်းပြည်နယ်၌ ဝ ဥ စိုက်ပျိုးခြင်း နည်းစနစ်မှန်ကန်စွာစိုက်ပျိုးနည်းနှင့် ပိုမိုအထွက်ကောင်းအောင် ဖန်တီးပေးရေး၊ ကုန်းမြင့်လှေကားထစ် စိုက်ပျိုးနည်းများကို အကျိုးရှိအောင် အသုံးပြုနိုင်ရန်အတွက် ချောင်းငယ်ကလေးများကို ပိတ်ပြီး တမံငယ်ကလေးများ ဖန်တီးပေးရေးနှင့် ပြည်တွင်းလုပ်ငန်းရှင်များက ဆင်းရဲသားတိုင်းနှင့် ပြည်နယ်ဒေသများ၌ ကူညီပံ့ပိုးပေးရေးတို့ဖြစ်ပါတယ်။ အဲဒီအဆိုဟာ လွှတ်တော်မှာ အတည်ဖြစ်တဲ့ကိစ္စ ဖြစ်သော်လည်းပဲ ယနေ့တိုင်အောင်အကောင်အထည်ဖော်ခြင်း မရှိသေးတာကို ကျွန်တော်တို့တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုနှင့်

ပတ်သက်လာရင် ကျွန်တော်တို့ ကတိကဝတ်ကော်မတီက ပြည်ထောင်စုအစိုးရအား အခါအားလျော်စွာ တိုက်တွန်းနှိုးဆော်ပေးခြင်းများရှိပါက ဒီအဆိုဟာထိရောက်မှုရှိမယ်လို့ ကျွန်တော် အကြံပြုဆွေးနွေးလို ပါတယ်။ လွှတ်တော်က အတည်ပြုပြီး ဖြစ်သော အဆိုများကို အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ပြည်ထောင်စုအစိုးရအား နှိုးဆော်သင့်ပါကြောင်း ဆွေးနွေး တင်ပြရင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေတင်ပြချက်များကို ထောက်ခံ၍ နိဂုံးချုပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အထိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေတင်ပြချက် အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ လုပ်ငန်း ဆောင်ရွက်မှုအခြေအနေတင်ပြချက် အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။ မိုက်တောင်းပါ။

**အချိန်၊ ၁၀း၂၆။**

**ဦးစံပြည့် (အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အထိ လုပ်ငန်းဆောင်ရွက်မှု အခြေအနေတင်ပြချက် အစီရင်ခံစာကို အမျိုးသားလွှတ်တော်မှ သဘောတူ လက်ခံပေးရန် အဆိုကို မိုးကောင်းမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးစံပြည့် မှ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသား လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာ ကို အတည်ပြုရန် လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့ သူမရှိတဲ့အတွက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြု ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလများအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလများ အတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးမနားနိုင်း (အဖွဲ့ဝင်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များတော်ကြီးခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဝင် ကျွန်တော် ဦးမနားနိုင်း မှ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်းမှာ ကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို တင်သွင်း သွား မှာ ဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားလွှတ်တော်**

**နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ**

**ပထမအကြိမ်၊ အမျိုးသားလွှတ်တော်သက်တမ်းကာလအတွင်း ကော်မတီ၏**

**လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**

၂။ နိုင်ငံသားများ၏ နေ့စဉ်ကြုံတွေ့နေရသော လူမှုရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုတို့တွင် မမျှမတမှုများ နည်းလမ်းမကျမှုများကို ရင်ဆိုင်ကြုံတွေ့နေရသော နိုင်ငံသားများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏အခွင့်အရေးကို မှန်ကန်မျှတစွာ ရရှိခံစားနိုင်စေရန် လိုအပ်ပါသည်။

၃။ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ သည် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကဏ္ဍရှိ နိုင်ငံသားများ၏ ရပိုင်ခွင့်များအား

နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် နိုင်ငံသားတစ်ဦးချင်းစီ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန် ရည်ရွယ်၍ ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။

၄။ ထိုသို့သော အခြေအနေများကို လေ့လာသုံးသပ်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီကို ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄) ပုဒ်မ ၁၄၇(ဂ) အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ပုဒ်မ ၂၉ တို့နှဲ့အညီ (၅)ကြိမ်တိုင်တိုင် ပြုပြင် ပြောင်းလဲ ဖွဲ့စည်းခဲ့ပါသည်။

၅။ ၂၀၁၅ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေအခန်း(၁၂)၊ အပိုဒ်(၁၀၉)နှင့်အညီ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏အဖွဲ့ဝင်ဦးရေ၊ တာဝန်၊လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို သတ်မှတ်ပေးနိုင်ပြီး၊ ထိုသို့တာဝန်ပေးအပ်ခြင်းအားဖြင့် အနီးကပ်ဆုံးကျင်းပသော လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူ၍ ဆောင်ရွက်ပါသည်။

**ကော်မတီ၏ လုပ်ငန်းတာဝန်များ**

၆။ (က) နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားပေးကူညီ ဆောင်ရွက် ပေး ရမည်။

(ခ) နိုင်ငံသားတိုင်း တရားမျှတမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တန်းတူညီမျှမှုအခွင့်အရေးနှင့် ငြိမ်းချမ်းမှုအခွင့်အရေးတို့ကို ခံစားခွင့်ရရှိရေး အစဉ်တစ်စိုက် ကြိုးပမ်း ဆောင်ရွက်ပေးရမည်။

(ဂ) နိုင်ငံသားတိုင်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အချက်များအား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် အသိပညာပေးရန်နှင့် ယင်းအချက်များကို လိုက်နာ စောင့်စည်းကျင့်သုံးရန် ဆောင်ရွက်ပေးရမည်။

(ဃ) သက်ဆိုင်ရာနယ်ပယ် အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေ/နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များကို လေ့လာ၍ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးစံများဖြင့် ချိန်ထိုးကာ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(င) နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရသဖြင့် ပြည်သူများ၏ တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်ခြင်း၊ လိုအပ်လျှင်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ချိုးဖောက်ခံရသည့် နေရာထိ သွားရောက် ကြားနာစိစစ်ခြင်း ပြုလုပ်ပြီး လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

(စ) ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ ဆက်စပ်သက်ဆိုင်သည့် အဖွဲ့အစည်းများ၊ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(ဆ) ကော်မတီသည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်နှင့်လည်းကောင်း၊ နိုင်ငံတကာပါလီမန်များ၏ လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်တို့နှင့် လည်းကောင်း၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်နှင့်လည်းကောင်း၊ အခြားသော လုပ်ငန်းသဘာဝတူ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးဆိုင်ရာ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် လည်းကောင်း ဆက်သွယ် ချိတ်ဆက်လျက် ဒီမိုကရေစီအရေးနှင့် ပြည်သူ့အခွင့်အရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ရမည်။

(ဇ) ကော်မတီသည် အခြားနိုင်ငံလွှတ်တော်များတွင် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးတို့နှင့်စပ်လျဉ်း၍ ကော်မတီ၊ ကော်မရှင်အဖွဲ့စသည်ဖြင့် ဖွဲ့စည်းဆောင်ရွက်ပုံများကို ဆက်သွယ်လေ့လာ၍ တွေ့ရှိချက်များအား လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြသွားရမည်။

(ဈ) လွှတ်တော်ဥက္ကဋ္ဌက လိုအပ်၍ဖြစ်စေ၊ သင့်တော်၍ဖြစ်စေ လေ့လာစေသော (သို့မဟုတ်) ဆောင်ရွက်စေသော အထူးကိစ္စရပ်များကိုလည်း ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်၍ သတ်မှတ်သည့်အတိုင်း အစီရင်ခံစာပြုစုတင်ပြရမည်။

(ည) လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်တွင် တင်သွင်းသင့်ကြောင်း မှတ်ချက်ပြုသော အစီရင်ခံစာပါ အကြောင်းအရာနှင့် စပ်လျဉ်း၍ အသေးစိတ် ပြန်လည်ပြုစုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၁ ပါ လွှတ်တော်အစည်းအဝေး၌ ဆောင်ရွက်ရမည့် ကိစ္စဖြစ်သည့် လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း ဆောင်ရွက်နိုင်ရန် စနစ်တကျ တင်သွင်းရမည်။

(ဋ) ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော (သို့မဟုတ်)ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်း မရှိစေရ၊ ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက် အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြု ထားရမည်။ ယင်းအစည်းအဝေး မှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ၊ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် ပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏ဆောင်ရွက်ချက်များ**

၉။ (က) ပြည်ထောင်စုလွှတ်တော်က အထူးကိစ္စရပ်အဖြစ် ဆောင်ရွက်စေခဲ့သော အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို (၂၂-၂-၂၀၁၂)ရက်နေ့တွင် စိစစ်ပေးခဲ့ပြီး လွှတ်တော်သို့တင်ပြခဲ့ပြီးဖြစ်ပါသည်။

(ခ) ကော်မတီ၏လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အစီရင်ခံစာနှင့် အကြံပြုချက်အား (၁၇-၁၀-၂၀၁၂)ရက်နေ့ ပထမအကြိမ်အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် တင်သွင်းခဲ့ပါသည်။

(ဂ) ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၃)ဦးဖြင့် (၂၃-၉-၂၀၁၂)ရက်နေ့မှ(၂၆-၉-၂၀၁၂)ရက် နေ့အထိ ဒေါ်ညွန့်ညွန့်ပါ(၇) ဦး၏ တိုင်ကြားစာအရ ဇီးဖြူကုန်းကျေးရွာ၊ သံတွဲမြို့နယ်၊ ရခိုင်ပြည်နယ်သို့ သွားရောက်စစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ (၂၃-၁၀-၂၀၁၂)ရက်နေ့တွင် ပြန်လည်တင်ပြခဲ့ပါသည်။

(ဃ) (၁၅-၁၁-၂၀၁၂)ရက်နေ့တွင် ဒေါ်စန်းလှ(မန္တလေးဆေးတက္ကသိုလ်)၏ တိုင်ကြားစာ အရ နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ အစည်းအဝေးခန်းမ (I-17)အောက်ထပ်၌ ဆေးသိပ္ပံပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဆေးတက္ကသိုလ်ပါမောက္ခချုပ်(မန္တလေး)၊ တိုင်ကြားသူဒေါ်စန်းလှ နှင့် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်(၅) ဦးတို့ဖြင့် ကြားနာစစ်ဆေးမှု ဆောင်ရွက်ခဲ့ပါသည်။

(င) နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်ရေးဆိုင်ရာ ကော်မတီသည် ပြည်ထောင်စုလွှတ်တော်၏ တာဝန်ပေးချက်အရ(၁၃-၂-၂၀၁၃)ရက် နေ့တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ ဘဏ္ဍာရေးဝန်ကြီးအား ဖိတ်ကြား၍ Budget စစ်ဆေးခြင်းများဆောင်ရွက် ခဲ့ပါသည်။

(စ) နိုင်ငံသားများ၏ မူလအခွင့်အရေးဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီသည် ပြည်ထောင်စုလွှတ်တော်၏ တာဝန်ပေးချက်အရ (၂၅-၁၀-၂၀၁၃) ရက်နေ့တွင် ကော်မတီအစည်းအဝေးခန်းမ(I-17)အောက်ထပ်၌ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေး နှစ်မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း ကိစ္စ စိစစ်ဆောင်ရွက်ခဲ့ပါသည်။

(ဆ) (၂၄-၇-၂၀၁၄)ရက်နေ့တွင် ကော်မတီအတွင်းရေးမှူး ဦးဆောင်၍ ကော်မတီဝင်များ က ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်ရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စရန်ဟီလီနှင့်အဖွဲ့အား ရေးရာဆောင် အမှတ်(I-20)၌တွေ့ဆုံပြီး လူ့အခွင့်အရေး ဆိုင်ရာ ကိစ္စများ အပြန်အလှန်ဆွေးနွေးခဲ့ပါသည်။

(ဇ) (၂၅-၁၁-၂၀၁၄)ရက်နေ့တွင် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့သည် I-20 ၌ UNDPမှ Mr. Grant Harrison ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံပြီး ကော်မတီ ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ပါသည်။

**ကော်မတီအစည်းအဝေး ပြုလုပ်ခြင်း**

၁၀။ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီသည် ပထမအကြိမ်၊ အမျိုးသားလွှတ်တော်စတင်ဖွဲ့သည့်အချိန်မှ (၁၃)ကြိမ်မြောက်ပုံမှန် အစည်းအဝေးကာလအတွင်း အစည်းအဝေး(၅၉)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

**တိုင်ကြားစာလက်ခံရရှိခြင်း**

၁၁။ ကော်မတီသို့ နိုင်ငံသားများထံမှ ပေးပို့လာသော တိုင်ကြားစာ (၁၃၄၉)စောင်အား လက်ခံရရှိပြီးနောက် ကော်မတီဥက္ကဋ္ဌမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံတင်ပြ၍ လမ်းညွှန်သဘောထားမှတ်ချက်များနှင့်အညီ တိုင်ကြားစာများအား ဆောင်ရွက်ပေးခဲ့ပါသည်။

**တိုင်ကြားစာများအား စိစစ်ခြင်း၊ လွှဲပြောင်းပေးပို့ခြင်း**

၁၂။ ကော်မတီသို့ရောက်ရှိလာသော နိုင်ငံသားများ၏ရပိုင်ခွင့်များ၊ လူ့အခွင့်အရေးထိခိုက်နစ်နာဆုံးရှုံးမှုများနှင့် ပတ်သက်သည့် တိုင်ကြားစာများအား သတ်မှတ်ထားသည့် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ ကော်မတီ၊ ကော်မရှင်များ၊ ဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးပို့ ဆောင်ရွက်ခဲ့ပါသည်။

**၂၂-၈-၂၀၁၁ မှ ၃၀-၁၁-၂၀၁၅ ရက်နေ့အထိအမှုတွဲအခြေအနေများ-**

| စဉ် | အကြောင်းအရာ | | အရေအတွက် |
|---|---|---|---|
| ၁။ | **ရောက်ရှိပြီးအမှုတွဲ**စုစုပေါင်း | | **၁၃၄၉** |
| ၂။ | **ဆောင်ရွက်ပြီးအမှုတွဲ**စုစုပေါင်း | | ၂၄၄ |
| ၃။ | **ဆောင်ရွက်နေဆဲအမှုတွဲ**စုစုပေါင်း | | ၄ |
| ၄။ | **ကော်မတီမှဆောင်ရွက်ရန်မလိုသောအမှုတွဲများ** | | ၁၁၀၁ |
| | (က) မိတ္တူပေးပို့လာခြင်းစုစုပေါင်း | ၂၇၈ | |
| | (ခ) သမ္မတကြီးအပါအဝင်နှင့်အခြားသို့ဦးတည်တိုင်ခြင်းများ | ၄၉၂ | |
| | (ဂ) အခြားကော်မတီ၊ကော်မရှင်နှင့်ဝန်ကြီးဌာနများသို့ လွှဲပြောင်း ပေးပို့သောအမှုတွဲများ | ၂၆၀ | |
| | (ဃ) တိုင်ကြားစာအကြောင်းအရာမပြည့်စုံသောအမှုတွဲများ | ၉ | |
| | (င) ဆိုင်းငံ့ထားသောအမှုတွဲများ | ၈ | |
| | (စ) ၁၉၈၈ခုနှစ် မတိုင်မီကိစ္စများ တိုင်ကြားသောအမှုတွဲ | ၃ | |
| | (ဆ) မှတ်တမ်းအဖြစ်ထားရှိသောအမှုတွဲ | ၂၇ | |
| | (ဇ) အမှုတွဲတူဝင်စာသွင်းထားသောအမှုတွဲများ | ၂၄ | |

## ၂၂-၈-၂၀၁၁ မှ ၃၀-၁၁-၂၀၁၅ ရက်နေ့အထိဆောင်ရွက်ပြီးသောအမှုတွဲအခြေအနေများ

ကော်မတီသို့ တိုက်ရိုက်တိုင်ကြားလာသော တိုင်ကြားစာ(၂၄၄)စောင်အားစိစစ်၍ အမှန်တကယ်နစ်နာမှုရှိသည့် အမှုတွဲ(၁၇၀)အား ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ ပေးပို့၍ နိုင်ငံသားများ၏ နစ်နာဆုံးရှုံးမှုများအား ဖြေရှင်းပြန်ကြားပေးနိုင်ပါရန် ပေးပို့ခဲ့ပါသည်။

| စဉ် | အကြောင်းအရာ | | အရေအတွက် | | စုစုပေါင်း |
|---|---|---|---|---|---|
| | | | ပေးပို့ | ပြန်ကြား | |
| ၁။ | **အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့တင်ပြထားသော အမှုတွဲ** | | | | **၂၄၄** |
| | (၁) | **ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ပေးပို့ပြီး**<br>၁။တရားလွှတ်တော်ရှေ့နေကိစ္စ - ၅ စောင်<br>၂။ တရားရုံးကိစ္စ - ၁၅ စောင် | ၂၀ | ၁၈ | |
| | (၂) | **ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ပေးပို့ပြီး**<br>၁။ အိမ်ခြံမြေကိစ္စ - ၃၄ စောင်<br>၂။ လယ်ယာမြေကိစ္စ - ၆ စောင်<br>၃။ ပုဂ္ဂိုလ်ရေးတင်ပြစာ - ၆၇ စောင်<br>၄။ တရားရုံးကိစ္စ - ၁၂ စောင်<br>၅။ ပညာရေးကိစ္စ - ၄ စောင်<br>၆။ ပြည်ထဲရေးကိစ္စ - ၁၁ စောင်<br>၇။ သာသနာရေး - ၅ စောင်<br>၈။ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးကိစ္စ - ၁၁ စောင် | ၁၅၀ | ၂၀ | |
| | (၃) | **အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏မှတ်ချက်အရ ဆောင်ရွက်ရန် မလိုသော အမှုတွဲများ** | **၇၃** | | |
| | (၄) | **ပြည်နိုင်ဖြိုးသို့ ၎င်း၏ပါတီတိုင်စာလွှဲ ပြောင်းပေးပို့သည့် အမှုတွဲ** | **၁** | | |

၁၃။ ကော်မတီသည် နိုင်ငံသားများ၏ရပိုင်ခွင့်များ၊ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် တိုင်ကြားစာ၊ အသနားခံစာများအပေါ် စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံတင်ပြပြီး လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးထံသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးပို့ဆောင်ရွက်လျက်ရှိပါသည်။

၁၄။ တိုင်ကြားစာများနှင့်စပ်လျဉ်းပြီး အရေးယူဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့က အမျိုးသားလွှတ်တော်ရုံးမှတစ်ဆင့် ဤကော်မတီသို့ ပြန်လည်ပေးပို့ပါသည်။ ကော်မတီမှတစ်ဆင့် သက်ဆိုင်ရာတိုင်ကြားသူများထံ ပြန်လည်အကြောင်းကြားအသိပေးခြင်းဖြင့် ပြည်သူများ လွှတ်တော်ကို ပိုမိုယုံကြည်အားကိုးလာမည်ဖြစ်ပါသည်။ (၂၂-၈-၂၀၁၁) မှ (၃၀-၁၁-၂၀၁၅) ရက်နေ့အထိ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့မှ ပြန်ကြားခြင်း မရှိသေးသော တိုင်ကြားစာအမှုတွဲပေါင်း (၁၃၂)စောင် ကျန်ရှိပါသည်။ ယင်းသို့ တိုင်ကြားစာများအပေါ် အရေးယူဆောင်ရွက်ပြီးစီးမှု အခြေအနေကို သက်ဆိုင်ရာပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့မှ အကြောင်း ပြန်ကြားခြင်းမရှိပါက ကော်မတီအနေဖြင့် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှတ်တော်ဥက္ကဋ္ဌထံ ကျိုးကြောင်းဖော်ပြချက်များနှင့်တကွ တင်ပြဆောင်ရွက်ရပြီး လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

## နိဂုံး

၁၅။ အမျိုးသားလွှတ်တော်က ဖွဲ့စည်းပေးထားသည့် နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီသည် ဤလွှတ်တော်က ပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်ပါအတိုင်း နိုင်ငံသားများ၏မူလအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရရှိစေရေး၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အချက်များနှင့်အညီ လူ့အခွင့်အရေး အပြည့်အဝရရှိစေရေး၊ ဒီမိုကရေစီစံနှုန်းများနှင့်အညီ လွတ်လပ်သော လူမှုအခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ ပေါ်ထွန်းရှင်သန်ရေး၊ ဒီမိုကရေစီကျင့်စဉ် ချောမွေ့စွာ ဆက်လက်ရှင်သန်ဖြစ်ထွန်းရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

နိုင်ငံသားများ၏မူလအခွင့်အရေး၊<br>ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ

(၂၅-၁၁-၂၀၁၄)ရက်နေ့တွင် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့သည် I-20 ၌ UNDPမှ Mr. Grant Harrison ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံပြီး ကော်မတီ၏ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးနေပုံ (ဆ)



**အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ၏ ပထမပုံမှန်အစည်းအဝေးမှ (၁၂) ကြိမ်မြောက် ပုံမှန် အစည်းအဝေးအထိ ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှု စီမံကိန်းများရေးရာကော်မတီ၏ ပထမပုံမှန် အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံ စာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှု စီမံကိန်းများရေးရာ ကော်မတီက အစီရင်ခံစာကို ဖတ်ကြား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးမျိုးမြင့် (ကော်မတီဥက္ကဋ္ဌ၊ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ ကြပါစေကြောင်း ဆန္ဒပြုအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီရဲ့ ပထမအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ကော်မတီရဲ့ကိုယ်စား ကျွန်တော်က ဥက္ကဋ္ဌအနေဖြင့် ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်**
**အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ၏**
**ပထမအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ**

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်

## နိဒါန်း

၁။ ရေးရာကော်မတီကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၄၇) ပုဒ်မခွဲ(ဂ)နှင့် (ဃ)ပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ(၂၇)၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ (၁၀၆)နှင့် ပုဒ်မ (၁၀၇) များအရလည်းကောင်း နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် လွှတ်တော်၏လုပ်ငန်းစဉ်ကို အကြံပေးအထောက်အကူပြု နိုင်ရန် ဖွဲ့စည်းခြင်း ဖြစ်ပါသည်။

## ရည်ရွယ်ချက်

၂။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီသည် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆောင်ရွက်လုပ်ကိုင်လျက် ရှိကြသောနိုင်ငံတော် ဖွံ့ဖြိုးမှုစီမံကိန်းကြီးများ၏ အခြေအနေ အကျိုးသက်ရောက်မှုများအား သိရှိနိုင်ရန်ဖြစ်ပါသည်။

## ကော်မတီဖွဲ့စည်းခြင်း

၃။ ကော်မတီကို အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်-

(က) ၂၂-၈-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၁) အရ အမျိုးသားစီမံကိန်း၊ စီးပွားရေး၊ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီကို ဥက္ကဋ္ဌဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)၊ အတွင်းရေးမှူး ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂) တို့ အပါအဝင် အဖွဲ့ဝင် (၇)ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။

(ခ) ၂၆-၁-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၂)အရ အမျိုးသား စီမံကိန်းရေးရာကော်မတီကို ဥက္ကဋ္ဌဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊

အတွင်းရေးမှူး ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)တို့ အပါအဝင် အဖွဲ့ဝင် (၁၅)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

(ဂ) ၂၂-၃-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၂)အရ အမျိုးသားစီမံကိန်းရေးရာကော်မတီကို ဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)၊ အတွင်းရေးမှူး ဗိုလ်မှူးဇော်မြင့်၊ တပ်မတော်သားကိုယ်စားလှယ်တို့ အပါအဝင် အဖွဲ့ဝင် (၁၅)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

(ဃ) ၁-၉-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၂) အရ အမျိုးသားစီမံကိန်းရေးရာကော်မတီကို ဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)၊ အတွင်းရေးမှူး ဗိုလ်မှူးဇော်မြင့်၊ တပ်မတော်သားကိုယ်စားလှယ်တို့အပါအဝင် အဖွဲ့ဝင် (၁၅)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

(င) ၅-၈-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၃)အရ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီကို ဥက္ကဋ္ဌ ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)၊ အတွင်းရေးမှူး ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) တို့အပါအဝင် အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

(စ) ၁၈-၇-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၄)အရ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီကို ဥက္ကဋ္ဌ ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)၊ အတွင်းရေးမှူး ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) တို့အပါအဝင် အဖွဲ့ဝင်(၉) ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

**ကော်မတီ၏လုပ်ငန်းတာဝန်များ**

၄။ ကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ နိုင်ငံတော်ဖွံ့ဖြိုးရေး စီမံကိန်းများဆိုင်ရာကိစ္စများကို လေ့လာစိစစ်၍ ဥက္ကဋ္ဌထံ တင်ပြရမည်။

(ခ) ယင်းတင်ပြချက်များအနက် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ ဆက်လက်တင်ပြရှင်းလင်းသင့်သည်များကို ညွှန်ကြားလာပါက ယင်းညွှန်ကြားချက်နှင့်အညီ ကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက်ကို လွှတ်တော်သို့ တင်ပြရမည်။

(ဂ) ကော်မတီသည် အောက်ပါလုပ်ငန်းဆိုင်ရာများကို လေ့လာစိစစ်၍ လွှတ်တော်သို့ အထောက်အကူပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည်-

(၁) ပြည်ထောင်စုအစိုးရအဖွဲ့က ရေးဆွဲအကောင်အထည်ဖော်သော အမျိုးသားစီမံကိန်းများနှင့် အကျိုးသက်ရောက်မှုအခြေအနေ၊

(၂) ပြည်ထောင်စုဝန်ကြီးဌာနများက ကာလတို(၅)နှစ် အမျိုးသားဖွံ့ဖြိုးမှု စီမံကိန်းများနှင့်စပ်လျဉ်း၍ စီမံကိန်းခန့်မှန်းခြေစာရင်းများ ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့်စီမံကိန်းများ၏ လုပ်ငန်းများလျာထားချက်၊ သာမန်နှင့်ငွေလုံးငွေရင်း ရ/သုံးမှန်းခြေအသုံးစရိတ် ရန်ပုံငွေတောင်းခံချက်များအပေါ် စိစစ်သုံးသပ်ချက်၊

(၃) ပြည်ထောင်စုဝန်ကြီးဌာနများမှ နိုင်ငံတော်ဖွံ့ဖြိုးမှုစီမံကိန်းများကို ဘဏ္ဍာနှစ်အလိုက် နှစ်တို/နှစ်ရှည် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သင့်လျော်သောကာလအပိုင်းအခြားအတွင်း လုပ်ငန်းတိုးတက်မှုအခြေအနေများ တင်ပြချက်များအပေါ် စိစစ်သုံးသပ်ခြင်းနှင့် စီမံကိန်းများ၏ အကျိုးသက်ရောက်မှုအခြေအနေ၊

(၄) နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းဒေသဆိုင်ရာအဖွဲ့အစည်းများ ညှိနှိုင်းဆက်စပ်ပူးပေါင်း အကောင်အထည်ဖော်နေသော လူမှုစီးပွားဖွံ့ဖြိုးမှု စီမံကိန်းများအခြေအနေ၊

(၅) ပြည်ပရင်းနှီးမြှုပ်နှံမှု(FDI) စီမံကိန်းများ၏ အကျိုးသက်ရောက်မှုအခြေအနေ စိစစ်သုံးသပ်ခြင်း၊

(၆) နိုင်ငံတကာစီးပွားရေးဖြစ်ထွန်းမှု အခြေအနေနှင့် မိမိနိုင်ငံ၏ စီးပွားရေးဖြစ်ထွန်းမှုအခြေအနေများကို ဆက်စပ်၍ နိုင်ငံတော်စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်းပြီး သုံးသပ်အကြံပြုခြင်း၊

(၇) သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးမှု၊ နိုင်ငံတော်၏ သဘာဝသယံဇာတ အခြေအနေနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုအခြေအနေ စသည်တို့အပေါ် အခြေခံသော နိုင်ငံတော်အား စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊

(၈) ပြည်ထောင်စုဝန်ကြီးဌာနများက ဆောင်ရွက်ပြီး/ ဆောင်ရွက်ဆဲ/ ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးစီမံကိန်းများဆိုင်ရာ ကိန်းဂဏန်းအချက်အလက် စာရင်းဇယားများအပေါ် စိစစ်သုံးသပ်ချက်၊

(၉) နိုင်ငံတော်အစိုးရ၏ ဆင်းရဲမှုလျှော့ချရေးဦးတည်ဆောင်ရွက်ချက်ကို အကဲဖြတ်သုံးသပ်ခြင်း၊

(၁၀) လွှတ်တော်ဥက္ကဋ္ဌက အခါအားလျော်စွာပေးအပ်သော အခြားလုပ်ငန်းတာဝန်များ။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၅။ ကော်မတီသည် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်သော ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများကို ဖိတ်ကြားမေးမြန်းနိုင်သည်။

၆။ ထို့အပြင် ကော်မတီသည် အဖွဲ့ခွဲ၍ဖြစ်စေ၊ ပြင်ပကျွမ်းကျင်သည့်ပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ၊ လိုအပ်သည့် ပြည်တွင်းနေရာဒေသ၊ စီမံကိန်းလုပ်ငန်းတည်နေရာ သို့မဟုတ် ရုံးဌာနများသို့ သွားရောက်လေ့လာနိုင်သည်။ ထိုသို့သွားရောက်လေ့လာနိုင်ရန်အတွက် လွှတ်တော်ရုံးသို့ ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်သည်များကို ကြိုတင်ညှိနှိုင်းတင်ပြပြီး လွှတ်တော်ရုံး၏ စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရမည်။

၇။ ကော်မတီ၏သွားရောက်လေ့လာတွေ့ရှိချက်များကို လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရမည်။

**အစည်းအဝေးများကျင်းပခြင်း**

၈။ ကော်မတီသည် ပထမအကြိမ် အမျိုးသားလွှတ်တော်ကာလအတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပပြုလုပ်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | တတိယပုံမှန်အစည်းအဝေးတွင် | (၁) ကြိမ် |
| (ခ) | စတုတ္ထပုံမှန်အစည်းအဝေးတွင် | (၅) ကြိမ် |
| (ဂ) | ပဉ္စမပုံမှန်အစည်းအဝေးတွင် | (၄) ကြိမ် |
| (ဃ) | ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် | (၅) ကြိမ် |
| (င) | သတ္တမပုံမှန်အစည်းအဝေးတွင် | (၆) ကြိမ် |
| (စ) | အဋ္ဌမပုံမှန်အစည်းအဝေးတွင် | (၂) ကြိမ် |
| (ဆ) | နဝမပုံမှန်အစည်းအဝေးတွင် | (၃) ကြိမ် |
| (ဇ) | (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် | (၃) ကြိမ် |
| (ဈ) | (၁၂) ကြိမ်မြောက်ပုံမှန် အစည်းအဝေးတွင် | (၂) ကြိမ် |
| | ယခု (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် | (၁)ကြိမ် |

**အစီရင်ခံစာများတင်သွင်းခြင်း**

၉။ ကော်မတီသည် အမျိုးသားလွှတ်တော်အစည်းအဝေးသို့ အောက်ပါအတိုင်း အစီရင်ခံစာများတင်သွင်းခဲ့ပါသည်-

(က) ပထမအကြိမ်၊ အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် အမျိုးသားစီမံကိန်းရေးရာကော်မတီ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆိုင်ရာ အကြံပြုချက်အစီရင်ခံစာကို တင်သွင်းခြင်း၊

(ခ) ပထမအကြိမ်၊ အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် အမျိုးသား စီမံကိန်းရေးရာကော်မတီ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဆိုင်ရာ အကြံပြု ချက်စာတမ်းနှင့် ယင်းစာတမ်းပါ အဓိကအကြံပြုချက် (၁၅)ချက်တို့ကို ပြည်ထောင်စု အစိုးရအဖွဲ့က အလေးထားညှိနှိုင်း စိစစ်စဉ်းစားပြီး နိုင်ငံတော်၏အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Comprehensive National Development Plan) တစ်ရပ်ရေးဆွဲသွားရန် တိုက်တွန်းကြောင်းအဆို၊

(ဂ) ပထမအကြိမ်၊ အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် အမျိုးသား စီမံကိန်းရေးရာကော်မတီ၏ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ မှ အောက်တိုဘာလ အထိ လုပ်ငန်း ဆောင်ရွက်မှုအစီရင်ခံစာ၊

(ဃ) ပထမအကြိမ်၊ အမျိုးသားလွှတ်တော်၊ နဝမပုံမှန်အစည်းအဝေးတွင် အမျိုးသား စီမံကိန်းနှင့်ဖွံ့ဖြိုးမှု စီမံကိန်းများရေးရာကော်မတီ၏ ၂၀၁၃ - ၂၀၁၄ ခုနှစ် တတိယ သုံးလပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ၊

(င) ပထမအကြိမ်၊ အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ၏ ၂၀၁၄ - ၂၀၁၅ ခုနှစ်၊ တတိယသုံးလပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ၊

(စ) ပထမအကြိမ်၊ အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီတို့၏ (၅-၆-၂၀၁၅) မှ (၈-၆-၂၀၁၅) ရက်နေ့ထိ သွားရောက်ခဲ့သည့် လေ့လာရေးခရီးစဉ်ဆိုင်ရာ တင်ပြချက် အစီရင်ခံစာ။

**ဖွံ့ဖြိုးမှုစီမံကိန်းများသို့လေ့လာရေးခရီးသွားရောက်ခြင်း**

၁၀။ ကော်မတီသည် နိုင်ငံတော်၏ဖွံ့ဖြိုးမှုစီမံကိန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆောင်ရွက်ဆဲ အခြေအနေများကိုသိရှိနိုင်ရန် အောက်ဖော်ပြပါအတိုင်း လေ့လာရေးခရီးသွားရောက်ခဲ့ ပါသည်-

(က) ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၈)ဦးတို့သည် (၁၆-၉-၂၀၁၃)မှ(၂၄-၉-၂၀၁၃) ရက် နေ့အထိ ရှမ်းပြည်နယ်တောင်ပိုင်း ဟိုပုံးချိုင့်ဝှမ်းဆည်မြောင်းစီမံကိန်း (မြို့မဆည်)၊ အမှတ်(၂)သံမဏိစက်ရုံစီမံကိန်း(ပင်းပက်)၊ ကယားပြည်နယ် မိုးဗြဲဆည်နှဲ့ ငွေတောင် ဆည်တို့၏ ဆည်ရေသောက်စနစ်၊ ဘီလူးချောင်းအမှတ်(၂) ဓာတ်အား ပေးစက်ရုံနှင့် ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်း၊ မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ရေမြုပ် ကျေးရွာ(၂၃)ရွာ ပြောင်းရွှေ့ နေရာချထားရေးစီမံကိန်း နှင့် ဧရာဝတီမြစ်(ရန္တပို) မြစ်ရေထိန်းတမံ (Low Head)

စီမံကိန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး သဖန်းဆိပ် ရေလှောင်တမံဘက်စုံစီမံကိန်း၊ ကင်းတပ်ရေထိန်းတမံ၊ ကာဘိုးရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ်၊ မီးရထား ကွန်ကရစ် ဇလီဖားတုံးထုတ်လုပ်ရေးစီမံကိန်း (ခင်ဦး)၊ ချင်းတွင်းမြစ်ရေတင်စီမံကိန်း (ရေဘုတလင်)တို့သို့ လေ့လာရေးခရီး သွားရောက်ခဲ့ခြင်း၊

(ခ) ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၇)ဦးတို့သည် (၁၂-၁၀-၂၀၁၃) မှ (၁၃-၁၀-၂၀၁၃) ရက်အထိ ရှမ်းပြည်နယ်တောင်ပိုင်း မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း၊ မန္တလေး တိုင်းဒေသကြီး မှန်ချက်စက်ရုံစီမံကိန်း(ကျောက်ဆည်)၊ အမှတ်(၁) သံမဏိစက်ရုံ စီမံကိန်း(မြင်းခြံ)၊ လောကနန္ဒာ မြစ်ရေတင်စီမံကိန်း(ပုဂံ-ညောင်ဦး)၊ သဘာဝ ပိုဇိုလန် စက်ရုံ(ပုပ္ပါး)၊ ကြက်မောက်တောင်ဆည် (ကျောက်ပန်းတောင်း)တို့သို့ လေ့လာရေး ခရီး သွားရောက်ခဲ့ခြင်း၊

(ဂ) ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၇)ဦးသည် (၂၆-၁၀-၂၀၁၃) ရက်နေ့တွင် ပဲခူးတိုင်း ဒေသကြီး(အရှေ့)ရှိ သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်း(တောင်ငူ)၊ ကွန်း ချောင်းရေအားလျှပ်စစ် စီမံကိန်း(ဖြူး)၊ ရဲနွယ်ရေလှောင်တမံ၊ ကွန်းချောင်း ရေလွှဲ ဆည်၊ ဖြူးချောင်းရေလှောင်တမံ/ရေလွှဲဆည်၊ ခပေါင်းရေလှောင်တမံ/ ရေလွှဲဆည် များနှင့် ၎င်းတို့၏ ဆည်ရေသောက်စနစ်များ လေ့လာရေးခရီးသွားရောက်ခဲ့ခြင်း၊

(ဃ) ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၂)ဦးသည် (၂-၁၂-၂၀၁၃) ရက်နေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ပေါင်းလောင်းရေလှောင်တမံ/ ရေလွှဲဆည်နှင့် ဆည်ရေသောက် စနစ်(ပျဉ်းမနား)နှင့် ဆင်သေရေလှောင်တမံ/ရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ် (တပ်ကုန်း)တို့သို့ လေ့လာရေးခရီးသွားရောက်ခဲ့ခြင်း၊

(င) ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၇)ဦးတို့သည် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်အတူ (၂၃-၁၀-၂၀၁၄) မှ (၂၆-၁၀-၂၀၁၄) ရက်အထိ မန္တလေးတိုင်းဒေသကြီး မန္တလေး-မြစ်ကြီးနား မဟာ ဗျူဟာလမ်း(တွင်းငယ်)၊ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း(မိုးမိတ်)၊ အထက် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း(ပြင်ဦးလွင်)၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်မြောင်း လုပ်ငန်းများ၊ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုအခြေအနေများ၊ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ချောင်းကူးတံတားကြီး စီမံကိန်းများ(ချောင်းမ ချောင်း/ဆီမီးကန်ချောင်း/ကိုင်းချောင်း) တောင်သာမြို့နယ်နှင့် သဘာဝပိုဇိုလန်စက်ရုံ (ပုပ္ပါး)တို့သို့ လေ့လာရေးခရီးသွားရောက်ခဲ့ခြင်း၊

(စ) ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၃)ဦးတို့သည်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်အတူ (၁၄-၁၁-၂၀၁၄) မှ (၁၇-၁၁-၂၀၁၄) ရက်အထိ မကွေးတိုင်းဒေသကြီး မန်းချောင်းရေလှောင်တမံ၊ မဲဇလီ

ရေလွှဲဆည်၊ အိုင်းမရေလွှဲဆည်၊ ပဲခူးတိုင်းဒေသကြီး (အနောက်)တွင်ရှိ တောင်နဝင်းရေလှောင်တမံ၊ တောင်ညိုရေလှောင်တမံ၊ ခတ်အားခွဲရုံ (ဥသျှစ်ပင်)နှင့် ရခိုင်ပြည်နယ်အတွင်းရှိ သူ့ဌေးရေအားလျှပ်စစ်စီမံကိန်းတို့သို့ လေ့လာရေး ခရီးသွားရောက်ခဲ့ခြင်း၊

(ဆ) ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၂)ဦးတို့သည် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်အတူ (၅-၆-၂၀၁၅)မှ (၈-၆-၂၀၁၅)ရက်အထိ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြောက်ကန် ပြန်လည်တူးဖော်ခြင်းစီမံကိန်း (မန္တလေးတိုင်းဒေသကြီး)၊ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း(ရှမ်း တောင်)၊ ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်း၊ မဏိပူရရေအားလျှပ်စစ်နှင့် ရေလှောင်တမံဘက်စုံစီမံကိန်း၊ (မကွေးတိုင်းဒေသကြီး) ဂန့်ဂေါမြို့နယ်ရှိ တောင်ခင်ရန်းရေလှောင်တမံနှင့် မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်း၊ (စစ်ကိုင်းတိုင်းဒေသကြီး) မြောက်ယမားတိုးချဲ့ ဆည်ရေသောက်စနစ် စီမံကိန်းတို့သို့ လေ့လာရေးခရီးသွားရောက်ခဲ့ခြင်း။

## သုံးသပ်ချက်

၁၁။ ကော်မတီသည် အောက်ပါအတိုင်းသုံးသပ်တင်ပြအပ်ပါသည် -

(က) ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဘဏ္ဍာနှစ်အလိုက် မူလနှင့် နောက်ထပ် လိုအပ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ တင်ပြတောင်းခံချက်များအပေါ် စိစစ်နိုင်ခဲ့ပြီး နိုင်ငံတော်အတွက် ရန်ပုံငွေအသုံးစရိတ်များ ထိရောက်အကျိုးရှိစွာ သုံးစွဲနိုင်ရေးရေးရာ ကော်မတီအနေဖြင့် အထောက်အကူ ပြုခဲ့သည်ဟု သုံးသပ်ပါသည်။

(ခ) ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်မှစတင်လျက် ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ တင်ပြချက်များနှင့်ဆက်စပ်လျက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ရေးရာကော်မတီများက သက်ဆိုင်ရာ ဝန်ကြီးဌာနများအား သီးခြားစီ ဖိတ်ကြားတွေ့ဆုံစိစစ်ခြင်းများ မပြုလုပ်တော့ဘဲ ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပေးသည့် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်း ကော်မတီအနေဖြင့်သာ စိစစ်နိုင်ခဲ့ပါသည်။ လွှတ်တော် နှစ်ရပ်ရှိ ရေးရာကော်မတီများအလိုက် သီးခြားစီစိစစ်နိုင်ခြင်းသည် ပူးပေါင်းကော်မတီအနေဖြင့် စိစစ်ခြင်းထက် ပိုမိုထိရောက်အကျိုးရှိသည်ဟု ယူဆပါသဖြင့် လွှတ်တော်နှစ်(၂)ရပ်က ရေးရာကော်မတီများအလိုက် စိစစ်ပြီးချက်အပေါ်တွင်သာ ပူးပေါင်းကော်မတီအနေဖြင့် ထပ်ဆင့်အပြီးသတ်ခြုံငုံစိစစ်သင့်ပါသည်။

(ဂ) ဤရေးရာကော်မတီသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအား တာဝန်ခံလျက် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းများနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ စီမံဆောင်ရွက် ခြင်း၊

အကောင်အထည်ဖော်ခြင်း၊ နိုင်ငံတော်၏ဘဏ္ဍာငွေကြေးသုံးစွဲမှုတွင် စာရင်းနည်းလမ်းတကျရှိ၍ လုပ်ထုံးလုပ်နည်းနှင့် အညီဆောင်ရွက်ခြင်း ရှိ/မရှိ၊ နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး တင်ပြတောင်းခံမှုအပေါ် ပီပီပြင်ပြင်စစ်ဆေးနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အသွေး မြှင့်တင်ပေးနိုင်မည့် အစီအမံများ (ဥပမာ - အလုပ်ရုံဆွေးနွေးပွဲ စသည်) ချမှတ်လုပ်ဆောင်သင့်ပါသည်။ သို့မှသာ ပြည်ထောင်စုဝန်ကြီးဌာန အသီးအသီးမှ တင်ပြတောင်းခံအသုံးစရိတ်များနှင့်ဆက်စပ်၍ မူလစီမံကိန်း/ လုပ်ငန်းခန့်မှန်းခြေစာရင်း (Project Estimate) ပြုစုထားခြင်း ရှိ/မရှိ၊ ခွင့်ပြုပိုင်ခွင့်ရှိသူ၏ ကျွမ်းကျင်မှုဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ခွင့်ပြုမိန့်ချထားပေးခြင်း (Technical and Financial Sanctions) ရှိ/မရှိ၊ အသုံးစရိတ်များ တောင်းခံခြင်း၊ သုံးစွဲခြင်းတို့တွင် လုပ်ငန်းအခြေခံ စံနှုန်းများ (Analyses of Rates) နှင့် ကိုက်ညီခြင်း ရှိ/မရှိ၊ စာရင်းနည်းလမ်းတကျ ရှိ/မရှိစသည်တို့ကို လွှတ်တော်အနေဖြင့် စနစ်တကျပီပီပြင်ပြင်စိစစ်နိုင်မည်ဟု သုံးသပ်ပါသည်။

(ဃ) ရေးရာကော်မတီသည် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဆက်စပ်၍ လိုအပ်ချက်များ ပေါ်ပေါက်လာပါက အမျိုးသားလွှတ်တော်ရုံးမှတစ်ဆင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအား ဖိတ်ကြားတွေ့ဆုံသည်ဖြစ်ရာ အဆိုပါဝန်ကြီးဌာနများမှ အဆုံးအဖြတ်ပေးနိုင်သည့်ပုဂ္ဂိုလ်များ လာရောက်ဖြေကြားရှင်းလင်းခြင်းမပြုနိုင်ပါသဖြင့် အခက်အခဲများစွာ ကြုံတွေ့ရပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် လက်အောက် အဖွဲ့အစည်းများမှ ဌာနဆိုင်ရာ အကြီးအမှူးအဆင့်ထက်မနိမ့်သော ပုဂ္ဂိုလ်များအနေဖြင့် လာရောက် ရှင်းလင်းဖြေကြားသင့်သည်ဟု သုံးသပ်ပါသည်။ နောင်လွှတ်တော်များတွင် လိုက်နာဆောင်ရွက်ရေး စီမံဆောင်ရွက်သင့်ပါသည်။

(င) အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီအနေဖြင့် နိုင်ငံတော်မှ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့် ဖွံ့ဖြိုးမှုစီမံကိန်းဒေသများသို့ ၂၀၁၃ - ၂၀၁၄ ခုနှစ်တွင် တိုင်းဒေသကြီး(၄)ခုနှင့် ပြည်နယ်(၂) ခုရှိ စီမံကိန်း (၄၀) ခု၊ ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် တိုင်းဒေသကြီး (၂) ခုနှင့် ပြည်နယ် (၁) ခုတို့တွင်ရှိ စီမံကိန်း (၂၀)ခု၊ ၂၀၁၅ - ၂၀၁၆ ခုနှစ်တွင် တိုင်းဒေသကြီး(၃)ခုတို့ရှိ စီမံကိန်း (၆)ခုတို့သို့ ကွင်းဆင်းသွားရောက်လေ့လာခဲ့ပါသည်။ ကွင်းဆင်းလေ့လာတွေ့ရှိချက်များနှင့် ဆက်စပ်ပြီး ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့် ဖွံ့ဖြိုးမှုစီမံကိန်းများသည် နိုင်ငံတော်အတွက် စီးပွားရေးအရတွက်ခြေကိုက်မှု (Economic Viability) ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု (Environmental Impact)နှင့် ကုစားနိုင်မည့် နည်းလမ်းများ စသည်တို့ကိုလည်းကောင်း၊ ဘဏ္ဍာနှစ်အလိုက် တောင်းခံရန်ပုံငွေ အသုံးစရိတ်များအတွက် မျှတခြေရှိမှု (Justification) ကိုလည်းကောင်း၊ ခန့်မှန်းသုံးသပ်နိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြမည့်

လွှတ်တော်ရေးရာကော်မတီများ၏ ကွင်းဆင်းလေ့လာဆောင်ရွက်ချက်များ၊ ထောက်ခံအကြံပြုချက်များ ပိုမိုထိရောက်အောင်မြင် စေရန် ပြည်ထောင်စုဝန်ကြီးဌာနများက ညှိနှိုင်းပူးပေါင်း ဆောင်ရွက်မှုရှိရန်နှင့် ဖြည့်ဆည်း အကောင်အထည်ဖော်ရန် လိုအပ်သည်ဟု သုံးသပ်ပါသည်။

(စ) ကမ္ဘာ့နိုင်ငံအချို့နှင့် အာဆီယံနိုင်ငံတော်များများတွင် နိုင်ငံတော်၏ လူမှုစီးပွား ဖွံ့ဖြိုးမှုစီမံကိန်းများ အကောင်အထည်ဖော်ရန်ချမှတ်ရာတွင် သက်ဆိုင်ရာအစိုးရအဖွဲ့များက ယင်းစီမံကိန်းများနှင့် ဆက်စပ်ဖြစ်ထွန်းလာမည့် လိုအပ်ချက်အလုံးစုံကို မူလကြိုတင်ပြင်ဆင်ခြင်းအဆင့် (Preliminary Planning Stage)မှသည် အကောင်အထည်ဖော်ဆောင်ရွက်ဆဲ (On-going)နှင့် ဆောင်ရွက်ပြီးအဆင့်များ (Completed Stage) များအထိ စီးပွားရေးရာတွက်ခြေကိုက်မှု၊ လူမှုနှင့် သဘာဝပတ်ဝန်းကျင်သက်ရောက်မှုများအပေါ် ဖြစ်နိုင်စွမ်းဆန်းစစ်ချက်တို့အပါအဝင် ကုန်ကျမည့် စီမံကိန်းခန့်မှန်းခြေစာရင်းနှင့်အတူ စိစစ်ပြီးနောက် သက်ဆိုင်ရာ စီမံကိန်းများနှင့် အကျုံးဝင်မည့် လွှတ်တော်ရေးရာကော်မတီများ၏ ရှေ့မှောက်၌ ဝေဖန်ဆွေးနွေး အပြန်အလှန်ညှိနှိုင်းလျက် အစစ်ဆေးခံပြီးနောက်တွင်သာ ယင်းအစိုးရများက အတည်ပြုချက်ရယူဆောင်ရွက်သွားကြသည့် လုပ်ထုံးလုပ်နည်းများကို ကျင့်သုံးလျက်ရှိကြောင်း လေ့လာသိရှိရသည်။ မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော် ၏စီမံကိန်းများကို နှစ်တို/နှစ်ရှည် အမျိုးသားစီမံကိန်းများအဖြစ် ဦးစားပေးအလိုက် သတ်မှတ်ကာ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများက လွှတ်တော်ရေးရာကော်မတီများထံသို့ ဦးစွာတင်ပြခြင်း၊ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ အကျေအလည် သဘောတူညီချက်ရယူကြလျက် အကောင်အထည်ဖော်မည့် ဘဏ္ဍာနှစ်အလိုက် လိုအပ်ဘဏ္ဍာရန်ပုံငွေနှင့် ပြည်တွင်းပြည်ပပံ့ပိုးပစ္စည်းများကို အာမခံနိုင်သော အခြေအနေမျိုး ဖြစ်သင့်ပါသဖြင့် အနာဂတ်လွှတ်တော်များသည် နိုင်ငံတော်နှင့် ပြည်သူများအကျိုးအတွက် အထူးစဉ်းစားဆောင်ရွက်သင့်ပါသည်။

**နိဂုံး**

၁၂။ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီသည် အမျိုးသားလွှတ်တော်မှ ချမှတ်ထားသော မူဝါဒလမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်၏စီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စု ဝန်ကြီးဌာနများမှ တင်ပြလာသော ဘဏ္ဍာနှစ်အတွင်း ဘဏ္ဍာငွေ အရအသုံးစာရင်းကို မှန်ကန်သည့် ကိန်းဂဏန်းအချက်အလက် ထွက်ပေါ်နိုင်ရန် စိစစ်သုံးသပ်ခြင်းများ၊ စီမံကိန်းများ၏ အကျိုးသက်ရောက်မှု အခြေနေများကို ကွင်းဆင်းလေ့လာခြင်းများဖြင့် ကော်မတီ၏ စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်များနှင့်အတူ အစီရင်ခံစာကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြပြီး လမ်းညွှန်ချက်များနှင့် အညီ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။

အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၈)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၉)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၁၁း၀၃ နာရီအချိန်တွင် ရပ်နားပါသည်။]